## (၄) ဒူးရင်းရွက်ခြောက်ရောဂါ (Durian Leaf Blight)

**ရောဂါဖြစ်စေသက်ရှိ** - ***Rhizoctonia solani*** **J.G. Kühn, 1858**

### ရောဂါလက္ခဏာများ

ရေစိုကွက်စတင်ဖြစ်ပေါ် ပြီး နောက်ပိုင်းတွင် ရောဂါကွက်မှာ တဖြည်းဖြည်း ကျယ်ပြန့် လာသည်။ မီးခိုးဖျော့ရောင်မှ အညိုရင့်ရောင်သို့ပြောင်းသွားပြီး အရွက်မှာ တွန့်လိမ်ခြောက်သွားသည်။ ရောဂါကျအရွက်များသည် အစာချက်နှုန်း ကျဆင်းစေပြီး ပန်းပွင့်ချိန်တွင်ရောဂါကျရောက်ပါက အသီးတင်နှုန်းကို ကျဆင်း စေနိုင်သည်။





- ခံနိုင်ရည်ရှိသောမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။
- ရောဂါကျအပင်အစိတ်အပိုင်းများကို ခုတ်ထွင်ရှင်းလင်းပါ။ မီးရှို့ဖျက်ဆီးပါ။
- အောက်ပါမှိုသတ်ဆေးများကို အသုံးပြုနိုင်ပါသည်။
    - Azoxystrobin (အဇိုဆီစထရိုဘင်)
    - Thiophanate methyl (သိုင်အိုဖာနိတ်မီသိုင်း)
    - Difenoconazole (ဒီဖီနိုကိုနာဇိုး)
    - Propiconazole (ပရိုပီကိုနာဇိုး)